ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၂-၂၀၁၃ ခုဘဏ္ဍာရေးနှစ်
# မွန်ပြည်နယ်၏
# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

၂၀၁၂-၂၀၁၃ ခု၊ဘဏ္ဍာရေးနှစ်

**မွန်ပြည်နယ်၏**

**နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ**

(၂၀၁၂ ခုနှစ် ၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၇ ။ )

၁၃၇၄ ခုနှစ် ၊ နတ်တော်လဆန်း ၆ ရက်

(၂၀၁၂ ခုနှစ် ၊ ဒီဇင်ဘာလ ၁၉ ရက်)

မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ**

၁။ (က) ဤဥပဒေကို ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

**အခန်း(၂)**

**နောက်ထပ်အသုံးစရိတ်များကို**

**ခွင့်ပြုလျာထားပေးခြင်းနှင့်စီမံခန့်ခွဲခြင်း**

၂။ (က) မွန်ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်၊ မွန်ပြည်နယ်ဝန်ကြီးဌာနများ၊ မွန်ပြည်နယ်အဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များ၊ မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဇယား(၁)၊ (၂) နှင့်(၃)တို့တွင် ခွင့်ပြုထားသောသုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲ နိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၂ ခုနှစ်၊ မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ၊ ၂၀၁၂ ခုနှစ် ၊ မွန်ပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ ၊ သက်ဆိုင်ရာဥပဒေများ ၊ နည်းဥပဒေများ ၊ စည်းမျဉ်းများ၊ စည်းကမ်းများ ၊ အမိန့်များ ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(အုန်းမြင့်)
ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

## မွန်ပြည်နယ်တရားလွှတ်တော်၊ မွန်ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၂ ခုနှစ် မွန်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁။ | ၁ | တရားရုံး | ပြည်နယ်တရားသူကြီးချုပ်(သို့မဟုတ်) ပြည်နယ်တရားသူကြီးချုပ်ကတာဝန်ပေးသူ | | | | ၂.၄၀၀ | | | |
| ၂။ | ၂ | ဥပဒေရုံး | ပြည်နယ်ဥပဒေချုပ်(သို့မဟုတ်) ပြည်နယ်ဥပဒေချုပ်ကတာဝန်ပေးသူ | ၁၂.၆၀၄ | | | ၂.၂၁၀ | | | |
| ၃။ | ၃ | စာရင်းရုံး | ပြည်နယ်စာရင်းစစ်ချုပ်(သို့မဟုတ်) ပြည်နယ်စာရင်းစစ်ချုပ်ကတာဝန်ပေးသူ | | | | ၅.၅၀၀ | | | |
| | | ပေါင်း | | ၁၂.၆၀၄ | | | ၁၀.၁၁၀ | | | |

မွန်ပြည်နယ်ဝန်ကြီးဌာနများ ၊ မွန်ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၂ခုနှစ် မွန်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁။ | ၁ | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၄၆၈.၇၈၈ | | | | | | |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၄၆၇.၈၈၃ | | | | | | |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၀.၉၀၅ | | | | | | |
| ၂။ | ၂ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၃၉.၀၅၁ | | | | | | |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | | ၃၉.၀၅၁ | | | | | | |
| ၃။ | ၃ | သမဝါယမ | ၎င်း | ၁၆.၈၉၃ | | | | | | |
| | | ၁။ သမဝါယမဦးစီးဌာန | | ၁၅.၃၅၆ | | | | | | |
| | | ၂။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁.၅၃၇ | | | | | | |
| ၄။ | ၄ | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | ၀.၁၀၀ | | | | | | |
| | | ၁။ ငါးလုပ်ငန်းဦးစီးဌာန | | ၀.၁၀၀ | | | | | | |
| ၅။ | ၅ | ဆောက်လုပ်ရေး | ၎င်း | ၃၄ .၆၆၃ | | | ၂၃၀၀.၀၀၀ | | | |
| | | ၁။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၃၄.၆၆၃ | | | | | | |
| | | ၂။ အဆောက်အအုံ၊လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | | ၂၃၀၀.၀၀၀ | | | |
| ၆။ | ၇ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၄၇.၂၇၀ | | | | | | |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၄၇.၂၇၀ | | | | | | |
| ၇။ | ၁၀ | အားကစား | ၎င်း | ၃၅.၀၀၀ | | | | | | |
| | | ၁။ အားကစားနှင့်ကာယပညာဦးစီးဌာန | | ၃၅.၀၀၀ | | | | | | |
| ၈။ | ၁၁ | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၅၄.၇၁၃ | | | ၃၈၂.၇၂၈ | | | |
| | | ပေါင်း | | ၆၉၆ .၄၇၈ | | | ၂၆၈၂.၇၂၈ | | | |

# မွန်ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၂ ခုနှစ် မွန်ပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁။ | ၂ | သတ္တုတွင်း | ပြည်နယ်ဝန်ကြီးချုပ် (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၀.၀၇၀ | | | | | | |
| | | ၁။မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | ၀.၀၇၀ | | | | | | |
| ၂။ | ၃ | ဆောက်လုပ်ရေး | ၄င်း | ၂၃၀၉.၀၂၃ | | | | | | |
| | | ၁။ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၂၃၀၉.၀၂၃ | | | | | | |
| | | ပေါင်း | | ၂၃၀၉ ·၀၉၃ | | | | | | |